ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

တိုင်းရင်းဆေးပညာဦးစီးဌာန

# တရားဝင်ထုတ်ပြန်ထားသည့် သုံးစွဲရန်မသင့်

# တိုင်းရင်းဆေးဝါးများစာရင်း

(၂၀၁၇ မေလ) မှ (၂၀၁၉ ဒီဇင်ဘာလ) အထိ

နေပြည်တော်

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

## (၁၉-၉-၂၀၁၇) ရက်နေ့ထုတ် ကြေးမုံသတင်းစာ

## သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးကို အများပြည်သူများသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည်အရည်အသွေးစစ်မှန်ကောင်းမွန်ပြီးဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင်ဈေးကွက်အတွင်းရောင်းချလျက်ရှိသောအောက်ဖော်ပြပါတိုင်းရင်း ဆေးဝါးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဓါတ်သတ္တုမာပမာဏများစွာ ရောနှောပါဝင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အမှတ် တံဆိပ် | ဆေးအမည် | ဆေးဝါး ပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသော အနောက်တိုင်း ဆေးအမည် |
|---|---|---|---|---|---|
| ၁ | ရွှေသုန္ဒရီ | သနပ်ခါးလိမ်းဆေး | ဆေးအနှစ် / ဘူး | အမှတ် (၁၀/၁၄)၊ ကံ့ကော် လမ်း၊ မြို့ဟောင်းအလယ် ရပ်ကွက်၊ သန်လျင်မြို့။ | Arsenic (54.91 ppm) |

၃။ Arsenic ပါဝင်မှုမြင့်မားသော လိမ်းဆေးကို သုံးစွဲမိပါက အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်းတို့ဖြစ်စေနိုင်သည့်အပြင် ကာလကြာရှည်ထိတွေ့မိပါက အရေပြား၊ အသည်း၊ ဆီးအိမ်၊ ကျောက်ကပ်နှင့် အဆုတ်ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် လက်လီ လက်ကားဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ (၃၁) အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## (၃-၂-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာ

## သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးများ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည်အရည်အသွေးစစ်မှန်ကောင်းမွန်ပြီးဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသောတိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိတိုင်းရင်းဆေးဝါးများကို စိစစ်ခဲ့ရာအောက်ဖော်ပြပါတိုင်းရင်းဆေးဝါးခုနှစ်မျိုးသည်တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါး ပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | အမှတ်တံဆိပ် ဖော်ပြ ထားခြင်း မရှိပါ | ခန်းတောက်မြစ် | အမြစ်/ ဆေးထုပ် | ပူတာအို တိုင်းရင်းဆေး၊ ရိုးရာပစ္စည်းနှင့်အထည်ဆိုင် မြို့သစ်(၈၅)၊ မြစ်ကြီးနားမြို့။ |
| ၂ | Gasspro | အကိုက်အခဲပျောက် ဆေးမှုန့် | ဆေးမှုန့် / ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၃ | ကုလားအုပ် | သန်ချဆေး | ဆေးမှုန့် / ဆေးထုပ် | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၄ | အမှတ်တံဆိပ် ဖော်ပြ ထားခြင်း မရှိပါ | ပန်းခါးပျားရည်ဆေး လုံး | ဆေးလုံး / ဆေးဘူး | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅ | Myanmar | မဟူရာပဲနက်စေ့ (ခ) ခွေးလှေးယားစေ့ | အစေ့ / ဆေးဘူး | အမှတ်(၁၃၁/က)၊ ကုန်သည်လမ်း၊ ကန်ရှေ့ရပ်၊ တောင်ကြီးမြို့။ |
| ၆ | Win | ပုံတောင်ဆေးမြစ်စုံ လိမ်းဆေး | ဆေးရည် / ဆေးဘူး | Win Products Group, Mandalay |
| ၇ | Win | ခွေးလှေးယားသီး နက်စေ့ | အစေ့ / ဆေးဘူး | Win Products Group, Mandalay |

၃။ အများပြည်သူများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် လက်လီလက်ကားဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူး ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)၊ (၃၂)တို့အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

DTM

## (၃၁-၃-၂၀၁၈) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ

## သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးကို အများပြည်သူများသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများကို စိစစ်ခဲ့ရာ ဖော်ပြပါတိုင်းရင်းဆေးဝါး (၂)မျိုးသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

| စဉ် | အမှတ် တံဆိပ် | ဆေးအမည် | ဆေးဝါး ပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | ရွှေမင်းသိန်း | မုဆိုးကျော်အခိုးပွင့်ဆေးကြီး | ဆေးမှုန့်/ ဆေးဘူး | အမှတ် (၇၀)၊ ပထမထပ် (F)ရုံ၊ ဈေးချို၊ မန္တလေးမြို့။ |
| ၂ | အမှတ်တံဆိပ် ဖော်ပြထားခြင်း မရှိပါ | သူငယ်နာကျဗဟုံးသက်စောင့်ဆေး | ဆေးလုံး/ ပုလင်း | သမားတော် ရွှေလက်ဝါးဆေးတိုက်၊ မန္တလေးမြို့။ |

၃။ အများပြည်သူများသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် လက်လီလက်ကားဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝ မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ(၃၁)၊ (၃၂)တို့အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# (၂၁-၁၀-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာ
# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန်
# အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါး ပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | အရဟံ | ကျမ္မာဝဖြိုး ခွန်အား တိုးဆေးကြီး | ချက်ဆေး / ဆေးဘူး | လိပ်စာဖော်ပြထားခြင်းမရှိပါ။ |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုံးဝ(လုံးဝ) မပြု လုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရား စွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## (၈-၃-၂၀၁၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ
## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း
## အများပြည်သူများသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကိုအာမခံချက်မပေးနိုင်သောကြောင့်အများပြည်သူများသုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသော အနောက်တိုင်း ဆေးအမည် |
|---|---|---|---|---|---|
| ၁ | သစ္စာရှင် | အဆစ်အမျက်နာနှင့် အကိုက်အခဲ ပျောက်ဆေး | ဆေးမှုန့် / ဆေးထုပ် | သစ္စာရှင်ဆေးတိုက်၊ ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ | Diclofenac |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## (၅-၈-၂၀၁၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာ အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူများသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေး ဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁ | ရွှေဆေး | အဆစ်အမျက်အကိုက်အခဲ သောက်ဆေး | ဆေးမှုန့်./ ဆေးထုပ် | ရွှေတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဆေးတိုက်၊ လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့။ | Diclofenac |
| ဘေးထွက်ဆိုးကျိုးများအနေဖြင့် ခါတ်မတည့်ခြင်း၊ ခေါင်းမူးခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ရင်ပူခြင်း၊ မျက်စိအမြင်ဝါးခြင်း၊ ဗိုက်နာခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းသွေးကြောပေါက်ခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်း၊ အသားဝါခြင်း၊ သွေးကြောတွင်းသွေးခဲခြင်းနှင့် ကျောက်ကပ်ပျက်စီးခြင်း စသည်တို့ ဖြစ်စေနိုင်ပါသည်။ | | | | | |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**(၁၂-၁၁-၂၀၁၉) ရက်နေ့ထုတ်ကြေးမုံသတင်းစာ**

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိဘဲ တုပထုတ်လုပ်ထားသော**

**တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိဘဲ တုပထုတ်လုပ်ထားသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁ | ရွှင်လန်း | အဆစ်အမျက် အကိုက်အခဲသောက်ဆေး | ဆေးမှုန့် | ရွှင်လန်း တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့။ |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# သစ္စာရှင် အဆစ်အမျက်နာနှင့် အကိုက်အခဲ ပျောက်ဆေး/ဆေးမှုန့် (ဆေးထုပ် )
# (၈-၃-၂၀၁၉) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ









DTM

အရဟံ အမှတ်တံဆိပ် ကျမ္မာဝဖြိုးခွန်အားတိုးဆေးကြီး/ချက်ဆေး (ဆေးဘူး)

(၂၁-၁၀-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာ







ရွှေဆေးအမှတ်တံဆိပ် အဆစ်အမျက်အကိုက်အခဲသောက်ဆေး/ဆေးမှုန့်(ဆေးထုပ်)
(၅-၈-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာ







ရှင်လန်းအမှတ်တံဆိပ် အဆစ်အမျက်အကိုက်အခဲသောက်ဆေး/ဆေးမှုန့်(ဆေးထုပ်)
(၁၂-၁၁-၂၀၁၉) ရက်နေ့ထုတ် ကြေးမုံသတင်းစာ




